**MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.**
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## စီမံအုပ်ချုပ်သူများမှ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်

အောက်ဖော်ပြပါ စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များသည် မြန်မာသီလဝါ အက်(စ်) အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းကို အခြေခံထားခြင်းဖြစ်ပြီး ထိုဘဏ္ဍာရေးရှင်းတမ်းနှင့်အတူတွဲ၍ ဖတ်ရှုနိုင်ပါသည်။ အခြားငွေကြေးအနေဖြင့် ဖော်ပြထားခြင်း မရှိပါလျှင် ငွေပမာဏဖော်ပြချက် အားလုံးမှာ မြန်မာကျပ်ငွေဖြစ်ပါသည်။

၂၀၂၂ ခုနှစ်၊ မတ်လ(၃၁)ရက်ကာလတွင် ကုမ္ပဏီ၏ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသော ကာလကို ယခင်က စက်တင်ဘာလ(၃၀)ရက်နေ့ဟု သတ်မှတ်ခဲ့ရာမှ မတ်လ(၃၁)ရက်နေ့ဟု ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ယခုနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းသည် ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁)ရက်မှ ၂၀၂၃ခုနှစ်၊ မတ်လ(၃၁)ရက်အထိ (၁၂)လတာကာလကို ကိုယ်စားပြုပြီး၊ ယခင်နှစ် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်မှ ၂၀၂၂ ခုနှစ် မတ်လ(၃၁)ရက်အထိ (၆)လတာကာလကို ကိုယ်စားပြုသောကြောင့် ဘဏ္ဍာရေးနှစ် နှစ်ခု၏ရလဒ်များကို နှိုင်းယှဉ်ရာတွင် အလုံးစုံနှိုင်းယှဉ်ရန်ခက်ခဲပါသည်။

အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းအား နိုင်ငံတကာစာရင်းစစ်ဆိုင်ရာစံများနှင့်အညီ ရေးဆွဲထားပြီး၊ ပြင်ပစာရင်းစစ်ဖြစ်သည့် ဝင်းသင်နှင့်အဖွဲ့မှ စစ်ဆေးထားပြီး ဖြစ်ပါသည်။

ထို့အပြင် ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ်၊ မေလ(၉)ရက်နေ့တွင် အတည်ပြုပြီးဖြစ်ပါသည်။

### မြန်မာ-ဂျပန် သီလဝါ ဒီဗလေ့ပမင့်လီမိတက် (“MJTD”)

မြန်မာ-ဂျပန် သီလဝါ ဒီဗလေ့ပမင့်လီမိတက်ကို သီလဝါ အထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် စက်မှုလုပ်ငန်းဇရိယာဖွံ့ဖြိုးရေး၊ ဈေးကွက်တင်ရောင်းချခြင်း၊ နှစ်ရှည်ငှားရမ်းခြင်းနှင့် စက်မှုလုပ်ငန်းဇရိယာ လည်ပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တည်ထောင်ခဲ့ပါသည်။ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် မြန်မာ-ဂျပန် သီလဝါ ဒီဗလေ့ပမင့် လီမိတက်၏ မတည်ငွေရင်း ၄၁ ရာခိုင်နှုန်းကို ပိုင်ဆိုင်ပြီး ဒါရိုက်တာအဖွဲ့ဝင် ကိုးဦးအနက် လေးဦးနေရာရရှိထားပါသည်။

မြန်မာ- ဂျပန်သီလဝါ ဒီပလေ့ပမင့် လီမိတက်သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အသားတင်အမြတ်ငွေ အမေရိကန် ဒေါ်လာ (၂.၉၅)သန်း ရရှိခဲ့ပါသည်။ အမြတ်လက်ကျန် အမေရိကန် ဒေါ်လာ (၅၅.၄၄)သန်းနှင့် ငွေနှင့် ငွေသားညီမျှခြင်း လက်ကျန်များအနေဖြင့် ၂၀၂၃ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် အမေရိကန် ဒေါ်လာ (၄၃.၃၆)သန်း ပိုင်ဆိုင်ထားပါသည်။ (၃) နှစ်တာကာလမျှ ကြာမြင့်နေသော ကိုဗစ်ကပ် ရောဂါဖြစ်ပွားမှုနှင့် အခြားမတည်ငြိမ်သော အခြေအနေများသည် MJTD ၏ မြေယာရောင်းချမှုကဏ္ဍတွင် နှစ်အတွင်း အသစ်ရောင်းချရခြင်းမျိုးမရှိခဲ့ဘဲ ပုံမှန်လည်ပတ်နေသည့် လုပ်ငန်းများနှင့် အခြားဝင်ငွေများမှသာ ဝင်ငွေရရှိခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်၏ တည်ငြိမ်သောပတ်ဝန်းကျင်နှင့် အရည်အသွေးမြင့်မားသော အခြေခံအဆောက်အဦးများကြောင့် ရင်းနှီးမြှုပ်နှံလိုသူများမှ မြေယာများနှင့် စက်ရုံငှားရမ်းခြင်းနှင့်ဆိုင်သော စုံစမ်းမေးမြန်းမှုများ ပြန်လည်စတင်၍ လက်ခံ

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

ရရှိနေပြီဖြစ်ပါသည်။ ဝင်ငွေအနေဖြင့် ပုံမှန်လည်ပတ်နေသည့် လုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ ရေနှင့် လျှပ်စစ်မီး ဝန်ဆောင်မှု လုပ်ငန်းများမှသာ ရရှိခဲ့ပါသည်။

**သီလဝါ ပရောပါတီး ဒက်ပလော့မန့်လီမိတက် (“TPD”)**

သီလဝါ ပရောပါတီးဒီဗလော့မန့် လီမိတက်ကို သီလဝါအထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် နှစ်ရှည်ငှားရမ်းခြင်းလုပ်ငန်းများ လုပ်ဆောင်ရန် တည်ထောင်ခဲ့ပါသည်။ သီလဝါ ပရောပါးတီး ဒီဗလော့မန့်လီမိတက်ကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (“TSMCC”)နှင့် ဖက်စပ်ဖွဲ့စည်းတည်ထောင်ထားပြီး၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (“TSMCC”)မှ အစုရှယ်ယာ (၂၀) ရာခိုင်နှုန်းနှင့် မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ (၈၀) ရာခိုင်နှုန်း အသီးသီးပိုင်ဆိုင်ကြပါသည်။

(၃) နှစ်တာကာလ ကိုဗစ်ကပ်ရောဂါနှင့် ဆက်စပ်သော ခရီးသွားလာခြင်းဆိုင်ရာ ကန့်သတ်မှုများ၏ အကျိုးဆက်အားဖြင့် သီလဝါ ပရောပါတီး ဒီဗလော့မန့် လီမိတက်သည် ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အကြမ်းအမြတ် ငွေကျပ် (၁.၀၃) ဘီလီယံရရှိခဲ့ပါသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါနှင့် ပတ်သက်သည့် ဖြေလျော့မှုများနှင့် သီလဝါ အထူးစီးပွားရေးဇုန်၏ စီးပွားရေးပြန်လည် လည်ပတ်လာခြင်းတို့ကြောင့် TPD အနေဖြင့် ယခုဘဏ္ဍာနှစ်နှင့် လာမည့် ဘဏ္ဍာနှစ်များအတွက် အလားအလာကောင်းမွန်သော ရောင်းအားနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်များ ရရှိခဲ့ပါသည်။ သီလဝါ ပရောပါတီး ဒီဗလော့မန့် လီမိတက်သည် ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် စုဆောင်းပြီး အမြတ်လက်ကျန်ငွေ ကျပ် (၈.၆) ဘီလီယံ၊ ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များအနေဖြင့် မြန်မာငွေကျပ် (၃.၃) ဘီလီယံပိုင်ဆိုင်ထားပါသည်။

**မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (“MTSH”)**

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၁၃ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်းတွင် ဒုတိယမြောက် စာရင်းဝင်သည့်ကုမ္ပဏီတစ်ခု ဖြစ်လာခဲ့ပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တစ်ခုတည်းအနေဖြင့် ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် စီမံအုပ်ချုပ်မှုနှင့် တွဲဖက်လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကျပ်(၂.၅၄) ဘီလီယံအပါအဝင် အသားတင်အမြတ်ငွေမှာ ကျပ်(၄.၇၅) ဘီလီယံ ရရှိခဲ့ပြီး၊ ၎င်းအမြတ်တွင် အမှန်မပေါ်ပေါက်ခဲ့သော နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှု အမြတ်ငွေကျပ်(၁.၀၉) ဘီလီယံနှင့် လက်အောက်ခံကုမ္ပဏီမှ အမြတ်ဝေစုရငွေကျပ် (၁.၂)ဘီလီယံ ပါဝင်ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် စုဆောင်းပြီး အမြတ်လက်ကျန်ငွေကျပ် (၄၀.၂၈) ဘီလီယံ၊ ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များအနေဖြင့် မြန်မာငွေကျပ် (၉.၆၆) ဘီလီယံ ပိုင်ဆိုင်ထားပါသည်။

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့်၎င်း၏ လက်အောက်ခံကုမ္ပဏီ ("MTSH အုပ်စု")**

**ဘဏ္ဍာရေးရှင်းတမ်း၏ ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းပေါင်းချုပ်**

| | **ပြောင်းလဲချက်** | ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက် **(ကျပ်သန်းပေါင်း)** | ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁) ရက် **(ကျပ်သန်းပေါင်း)** |
|---|---|---|---|
| ဝင်ငွေ | ▼ | ၃,၁၆၃ | ၃,၃၆၈ |
| ဝင်ငွေအပေါ် မူရင်းကုန်ကျစရိတ် | ▼ | (၁,၄၈၂) | (၂,၈၁၂) |
| **အကြမ်းအမြတ်** | ▲ | **၁,၆၈၁** | **၅၅၆** |
| အရောင်းနှင့် စီမံအသုံးစရိတ် | ▲ | (၁,၈၁၀) | (၈၁၀) |
| တွဲဖက်လုပ်ငန်းမှ ရသည့်အမြတ်ငွေ | ▲ | ၂,၅၃၇ | ၁,၉၄၅ |
| **လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ** | ▲ | **၂,၄၀၈** | **၁,၆၉၁** |
| အခြားနည်းလမ်းမှရသည့်ဝင်ငွေ | ▲ | ၅၅၈ | ၂၆၃ |
| နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှု အမြတ်/အရှုံး | ▲ | ၁,၇၀၁ | (၈၃၉) |
| **အခွန်လျာထားခြင်း မပြုမီ စုစုပေါင်းအမြတ်** | ▲ | **၄,၆၆၇** | **၁,၁၁၅** |
| ဝင်ငွေခွန် | ▲ | (၆၃) | (၃၁) |
| **အသားတင်အမြတ်** | ▲ | **၄,၆၀၄** | **၁,၀၈၄** |

| | | | |
|---|---|---|---|
| အကြမ်းအမြတ်ရာခိုင်နှုန်း | ▲ | ၅၃% | ၁၇% |

| | | | |
|---|---|---|---|
| ရှယ်ယာတစ်စောင်၏အခြေခံဝင်ငွေ (ကျပ်) | ▲ | ၁၁၃ | ၃၀ |

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

၂၀၂၃ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ဝင်ငွေမှာ ငွေကျပ် (၃.၁၆) ဘီလီယံ ရရှိခဲ့ပြီး၊ အဓိကအားဖြင့် စီမံအုပ်ချုပ်မှုနှင့် သီလဝါ ပရောပါတီး ဒီဗလော့မန့်လီမိတက်၏ အဆောက်အဦး ရောင်းချမှုတို့မှ ရရှိခဲ့ခြင်းဖြစ်ပါသည်။ အကြမ်းအမြတ်ကျပ် (၁.၆၈) ဘီလီယံ ရရှိခဲ့ပြီး၊ အကြမ်းအမြတ် ရာခိုင်နှုန်းအား နှိုင်းယှဉ်ကာလနှင့် နှိုင်းယှဉ်ပါက (၁၇%) မှ (၅၃%) သို့ တိုးတက်လာသည်ကို တွေ့ရှိရပါသည်။

ယခုဘဏ္ဍာနှစ်အတွက် အမှန်မပေါ်ပေါက်ခဲ့သော နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှု အမြတ်ငွေကျပ် (၁.၇၀) ဘီလီယံပေါ်ပေါက်ခဲ့ရခြင်း၏ အကြောင်းရင်းမှာ ကုမ္ပဏီ၏ အမေရိကန် ဒေါ်လာငွေကြေးကို ကာလကုန်တွင် သတ်မှတ်ထားသော ငွေလဲလှယ်နှုန်းနှင့် တန်ဖိုးသင့်ခဲ့ရခြင်းကြောင့် ဖြစ်ပါသည်။ (နှိုင်းယှဉ်ကာလ၏ နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ၂၀၂၂ ခုနှစ်၊ မတ်လ(၃၁)ရက်တွင် ကျပ် (၁,၇၇၈) ဖြစ်ပြီး၊ ယခုနှစ်ကုန်၏ နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ကျပ် (၂,၁၀၀) ဖြစ်ပါသည်။

ယခု ဘဏ္ဍာနှစ်အတွက် မြန်မာ-ဂျပန် သီလဝါ ဒီပလော့မင့်လီမိတက်မှ အချိုးကျအမြတ် ပမာဏမှာ ကျပ်(၂.၅၄) ဘီလီယံဖြစ်ပါသည်။ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံတကာ စီးပွားရေးအခြေအနေများနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း၌ပင် MJTD ၏ ပုံမှန်လည်ပတ်နေသည့် လုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်မှုများကြောင့် မူလရည်ရွယ်ထားသည့် ခန့်မှန်းအမြတ်ငွေထက် သာလွန်ကောင်းမွန်သော ရလဒ်ကိုရရှိခဲ့ပါသည်။

ယခုဘဏ္ဍာရေးကာလ၏ အသားတင် အမြတ်ပမာဏမှာ ကျပ်(၄.၆၁)ဘီလီယံရရှိခဲ့ပြီး၊ ကုမ္ပဏီ၏ အစုရှင်များသို့ ခွဲဝေနိုင်သော အမြတ်မှာ ကျပ် ( ၄.၄ )ဘီလီယံ ဖြစ်ပါသည်။

ယေဘူယျအားဖြင့် အထက်ဖော်ပြပါ ရရှိခဲ့သော ဘဏ္ဍာရေးအခြေနေများကြောင့် နှိုင်းယှဉ်ကာလတွင် ရှယ်ယာတစ်စု၏ အခြေခံ ဝင်ငွေသည် ကျပ်(၃၀)မှ ယခုဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၃ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ရှယ်ယာတစ်စု၏ အခြေခံ ဝင်ငွေသည် ကျပ်(၁၁၃)သို့ တိုးတက်ရရှိခဲ့ခြင်းဖြစ်ပါသည်။

## ကုမ္ပဏီအုပ်စု၏ လက်ကျန်ရှင်းတမ်းအနှစ်ချုပ်

| | ပြောင်းလဲချက် | ၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက် **(ကျပ်သန်းပေါင်း)** | ၂၀၂၂ ခုနှစ်၊ မတ်လ (၃၁) ရက် **(ကျပ်သန်းပေါင်း)** |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| လက်ငင်းရပိုင်ခွင့်များ | ▲ | ၄၀,၅၈၄ | ၃၉,၁၃၂ |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | ▲ | ၅၂,၉၈၀ | ၅၀,၅၇၇ |
| **စုစုပေါင်းရပိုင်ခွင့်များ** | ▲ | **၉၃,၅၆၄** | **၈၉,၇၀၉** |
| **ပေးရန်တာဝန်များ** | | | |
| လက်ငင်းပေးရန်တာဝန်များ | ▲ | ၂,၁၃၀ | ၂,၀၇၈ |
| လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | ▼ | ၇၃၀ | ၁,၂၃၂ |
| **စုစုပေါင်းပေးရန်တာဝန်များ** | ▼ | ၂,၈၆၀ | ၃,၃၁၀ |
| **အသားတင်ရပိုင်ခွင့်များ** | ▲ | **၉၀,၇၀၄** | **၈၆,၃၉၉** |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပြီး မတည်ငွေ | - | ၃၈,၉၂၉ | ၃၈,၉၂၉ |
| စုဆောင်းပြီး အမြတ်လက်ကျန် | ▲ | ၄၄,၀၆၂ | ၃၉,၆၆၄ |
| အခြားအကျိုးခံစားခွင့်ဆိုင်ရာများ | ▼ | ၇,၇၁၃ | ၇,၈၀၆ |
| **စုပေါင်းရင်းနှီးငွေ** | ▲ | **၉၀,၇၀၄** | **၈၆,၃၉၉** |

လက်ငင်းရပိုင်ခွင့်များ တိုးလာရခြင်း၏ အဓိကအကြောင်းအရင်းမှာ ကုမ္ပဏီ၏ နိုင်ငံခြားငွေများ တန်ဖိုးမြင့်တက်ခဲ့ခြင်းနှင့် လက်အောက်ခံကုမ္ပဏီ၏ အဆောက်အဦး ရောင်းချခြင်းကြောင့် ကုန်လက်ကျန်လျော့ကျခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ကုမ္ပဏီအုပ်စု၏ လက်ငင်းရပိုင်ခွင့် မြန်မာကျပ်ငွေ (၄၀.၅၈) ဘီလီယံအနက်မှ ငွေနှင့် ငွေသားညီမျှခြင်း လက်ကျန်များအနေဖြင့် မြန်မာကျပ်ငွေ (၁၂.၉၅) ဘီလီယံ ပိုင်ဆိုင်ထားပါသည်။

လက်ငင်းမဟုတ်သော ရပိုင်ခွင့်များတိုးတက်လာခဲ့ရခြင်းမှာ တွဲဖက်ကုမ္ပဏီ၏ စုဆောင်းအမြတ်လက်ကျန်များ တိုးတက်လာခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ယခုဘဏ္ဍာရေးနှစ်အတွင်း မြန်မာငွေကျပ်(၂.၅၄) ဘီလီယံ တိုးတက်လာခဲ့ပါသည်။

လက်ငင်းပေးရန်တာဝန်များနှင့် လက်ငင်းမဟုတ်သောပေးရန်တာဝန်များမှာ ယခင်နှစ် ဘဏ္ဍာရေးကာလနှင့် နှိုင်းယှဥ်ပါက မြန်မာငွေကျပ် (၃.၃၁) ဘီလီယံမှ မြန်မာငွေကျပ် (၂.၈၆) ဘီလီယံသို့ လျော့ကျခဲ့ပါသည်။ ထိုသို့ လျော့ကျသွားခဲ့ခြင်းမှာ အဓိကအားဖြင့်

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

လက်အောက်ခံ ကုမ္ပဏီဖြစ်သော သီလဝါ ပရောပါတီး ဒီဗလော့မန့် လီမိတက်၏ ကြိုတင်ရရှိထားသော ငွေများအား ဝင်ငွေသို့ စာရင်းရွှေ့ပြောင်းမှုကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးကာလအတွက် စုဆောင်းပြီး အမြတ်လက်ကျန်မှာ ကျပ် (၄.၄) ဘီလီယံ (မြန်မာငွေကျပ် ၃၉.၆၆ ဘီလီယံမှ မြန်မာငွေကျပ် ၄၄.၀၆ ဘီလီယံ) ဖြစ်ပြီး၊ အဓိကအားဖြင့် ယခုနှစ်၏ တိုးပွားခဲ့သော အသားတင်အမြတ်နှင့် ယခင်နှစ် အမြတ်ဝေစုခွဲဝေခြင်းတို့ကြောင့် ဖြစ်ပါသည်။

**အနာဂတ်အလားအလာ**

ကျွန်ုပ်တို့သည် သီလဝါ အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာစေရန် ဈေးကွက်မြှင့်တင်ရေးအစီအစဉ်များ သီလဝါ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီနှင့်အတူ တက်တက်ကြွကြွဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရလဒ်များအရ သီလဝါ အထူးစီးပွားရေးဇုန်၏ ဈေးကွက်မြှင့်တင်ရေးအစီအစဉ်များနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှုရှိသည့် အခွင့်အရေး၊ အခွန်အခနှုန်းထားများကြောင့် ရင်းနှီးမြှုပ်နှံလိုသူများ၏ စိတ်ဝင်စားမှုမှာ သိသိသာသာ တိုးတက်လာခဲ့ပါသည်။ သို့သော်လည်း ကမ္ဘာ့စီးပွားရေး တုံ့နှေးနေခြင်းနှင့် ငွေကြေးဖောင်းပွမှု မြင့်မားလာခြင်းတို့ကြောင့် လာမည့်ကာလအတွင်း ပမာဏများပြားသည့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ကျွန်ုပ်တို့မျှော်မှန်း၍ မရသေးပါ။

MTSH ကုမ္ပဏီအုပ်စုအနေဖြင့် ပုံမှန်လည်ပတ်နေသည့် လုပ်ငန်းများမှ ဝင်ငွေများရရှိအောင် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ အထူးစီးပွားရေးဇုန်ရှိ စက်မှုလုပ်ငန်းဖော်ဆောင်ရေးဧရိယာတွင် ရင်းနှီးမြှုပ်နှံသူများကို ဝန်ဆောင်မှုအမျိုးမျိုး ဆောင်ရွက်ပေးနေပြီး၊ အဆိုပါ ရင်းနှီးမြှုပ်နှံသူများကို ဝန်ဆောင်မှုများ ပိုမိုတိုးတက်ပေးနိုင်ရန် ချိတ်ဆက်ဆောင်ရွက်လာနိုင်သည်နှင့်တပြိုင်နက် ပိုမိုသိသာထင်ရှားသော ပုံမှန်ဝင်ငွေကို ရရှိမည်ဖြစ်ပါသည်။ နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်ခြင်း စီမံကိန်းကို စံပြစီမံကိန်းအဖြစ် စတင်လုပ်ဆောင်နေပြီး၊ ကျွန်ုပ်တို့၏ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေး အဆောက်အဦးနှင့် ရေသန့်စင်စက်ရုံတို့တွင် လျှပ်စစ်ဓာတ်အား စတင်ပေးဝေနေပြီဖြစ်သည်။ ကျွန်ုပ်တို့သည် အဆိုပါနေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်ခြင်းအား စောင့်ကြည့်လေ့လာပြီးပါက ကြီးမားကျယ်ပြန့်သော ဆိုလာဓာတ်အားပေးစက်ရုံကို မဂ္ဂါဝပ်စကေးဖြင့် အကောင်အထည်ဖော်ဆောင်နိုင်ရန် အစီအစဉ်ချ ဆောင်ရွက်လျက်ရှိပါသည်။

MTSH သည် နိုင်ငံတစ်ဝှမ်းရှိ အိမ်ခြံမြေစီမံကိန်းများ အထူးသဖြင့် စက်မှုလုပ်ငန်းနှင့် လူနေအိမ်ရာ ပေါင်းစပ်စီမံကိန်းများအပြင် အခြားအိမ်ရာစီမံကိန်း အများအပြားကိုလည်း စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာလျက်ရှိပါသည်။ MTSH ၏ အသိပညာနှင့် ကျွမ်းကျင်မှုနယ်ပယ်သည် အိမ်ခြံမြေကဏ္ဍတွင် အထူးကျွမ်းကျင်သဖြင့် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် အိမ်ခြံမြေကဏ္ဍတွင် MTSH ၏ ကျွမ်းကျင်မှုများကို လိုအပ်နေမည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

ထို့အပြင် စီမံအုပ်ချုပ်မှုနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်မှုကော်မတီသည် စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေ ကော်မတီအဖွဲ့၏ အကူအညီဖြင့် လက်ရှိရင်းနှီးမြှုပ်နှံထားသည့် ကြို့ကုန်းအိမ်ရာ စီမံကိန်းနှင့် အနာဂတ်ကုန်သွယ်မှု စီးပွားရေးဆိုင်ရာ လုပ်ငန်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်မည့် ဆုံးရှုံးလာနိုင်ခြေများကိုလည်း ဆွေးနွေးဆောင်ရွက်ပါသည်။ ထိုသို့ ဆွေးနွေးမှုများသည် ကုမ္ပဏီ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရလဒ်ကောင်းများရရှိမည်ဟုလည်း မျှော်လင့်ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## MANAGEMENT DISCUSSION AND ANALYSIS

The following Management Discussion and Analysis ("MD&A") is based on Myanmar Thilawa SEZ Holdings Public Company Limited ("MTSH") Consolidated Financial Statements for the year ended 31st March 2023 ("FY2022-2023") and should be read in conjunction with those financial statements. All currency amounts in the MD&A are expressed in Myanmar Kyats unless otherwise specified.

During the period ended 31 March 2022, the Company changed its financial year-end from September to March. The current financial year ("FY2022-2023") covered the period from 1 April 2022 to 31 March 2023. The preceding financial year ("FY2021-2022") covered the six-month period from 1 October 2021 to 31 March 2022. As a result, the comparative figures presented in statements of comprehensive income, changes in equity and cash flows and the related notes are not comparable.

The financial statements are prepared in accordance with International Financial Reporting Standards (IFRS) and audited by the Independent Auditor, Win Thin and Associates.

The Board of Directors approved this document on 9 May 2023.

**Myanmar Japan Thilawa Development Limited ("MJTD")**

MJTD was established to undertake the development, marketing, leasing, and operation of the Industrial Area in Thilawa SEZ. MTSH owned 41% of MJTD's paid-up share capital and represent four out of nine MJTD board seats.

For the year ended 31st March 2023, MJTD achieved a net profit of USD 2.95 million. Retained Earnings USD 55.44 million and Cash & Bank balance USD equivalent 43.36 million as of 31st March 2023. Three years after the Covid-19 pandemic and other unstable situations had led MJTD to have no additional land sublease. New inquiries related to the land parcel and rental factories are starting to recover due to investors' re-evaluation of stable & high-quality infrastructures in Thilawa SEZ. Income only from the recurring business in the maintenance and Utilities business unit.

**Thilawa Property Development Limited ("TPD")**

TPD was formed to undertake the development, construction, marketing, leasing, and operation of the Residential and Commercial Area in Thilawa Special Economic Zone ("Thilawa SEZ"). TPD is a joint venture with Thilawa Special Economic Zone Management Committee Company Limited ("TSMCC") in which TSMCC owns 20% and MTSH owns 80%.

TPD achieved MMK 1.03 billion net profit for the year ended 31st March 2023 amidst three years from the onset of COVID-related travel restrictions. Sale performance in this financial year and potential sales show the recovering status of the business in the Thilawa SEZ community as the global pandemic is easing in the country. The company has MMK 8.6 billion Retained Earnings and Cash & bank equivalent MMK3.3 billion as of 31st March 2023.

**Myanmar Thilawa SEZ Holdings Public Company Limited ("MTSH")**

Myanmar Thilawa SEZ Holdings Public Company Limited was incorporated on the 3rd of May 2013 in Myanmar under the Companies Act as a public limited company. On 20th May 2016, MTSH became the second company which is listed on the Yangon Stock Exchange.

The net profit of MTSH's stand-alone result for the year ended 31st March 2023 is MMK 4.75 billion. Which included the share of profit from the investment of MMK 2.54 billion, an unrealized exchange gain of MMK 1.09 billion, and a dividend received from a subsidiary of MMK 1.2 billion.

The company has MMK 40.28 billion Retained Earnings and 9.66 billion Cash & bank balance as of 31st March 2023.

**Myanmar Thilawa SEZ Holdings Public Company Limited and Its Subsidiary ("MTSH GROUP")**

**Summarized consolidated income statement for the year ended**

**Kyat in million**

| | Changes | 31-Mar-2023 | 31-Mar-2022 |
|---|---|---|---|
| Revenue | ▼ | 3,163 | 3,368 |
| Cost of sales | ▼ | (1,482) | (2,812) |
| **Gross profit** | ▲ | **1,681** | **556** |
| Selling & administrative expenses | ▲ | (1,810) | (810) |
| Share of profit from associate | ▲ | 2,537 | 1,945 |
| **Operating profit** | ▲ | **2,408** | **1,691** |
| Income from non-operating activities | ▲ | 558 | 263 |
| Unrealized Foreign Exchange Gain/(Loss) | ▲ | 1,701 | (839) |
| **Total profit before tax** | ▲ | **4,667** | **1,115** |
| Income tax expense | ▲ | (63) | (31) |
| **Net profit** | ▲ | **4,604** | **1,084** |
| Gross profit margin | ▲ | 53% | 17% |
| Earning per share (Kyat) | ▲ | 113 | 30 |

Revenue for the year ended 31st March 2023 is MMK 3.16 billion mainly from the management fee received and the achieved from the sale of the shophouse building in TPD. The gross profit is MMK 1.68 billion and the gross profit margin has increased to 53% from the previous year from 17%.

The reason for the unrealized exchange gain of MMK 1.70 billion from the revaluation of the USD fund with the year-end exchange rate. (The exchange rate as of 31 March 2022 @ 1,778 and the rate as of 31 March 2023 @2,100).

The share of the profit earned from investment in associate company MJTD is MMK 2.54 billion. The results are still positive due to the recurring business in the maintenance and Utilities business unit and higher than the targeted profit, the business continues to recover amidst the Global Covid-19 restrictions.

Net profit for this financial period is MMK 4.61 billion and the profit attributable to the equity holders of the company is MMK 4.4 billion.

Overall, the net impact of the above factors contributes to the rise in consolidated EPS to MMK 113 per share for the year ended 31st March 2023 from MMK 30 per share for the period in the previous financial year.

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## Summarized Consolidated Statement of Financial Position as at 31st March 2023

**Kyat in million**

| | Changes | 31-March-2023 | 31-March-2022 |
|---|---|---|---|
| **Assets** | | | |
| Current assets | ▲ | 40,584 | 39,132 |
| Non-current assets | ▲ | 52,980 | 50,577 |
| **Total assets** | ▲ | **93,564** | **89,709** |
| **Liabilities** | | | |
| Current liabilities | ▲ | 2,130 | 2,078 |
| Non-current liabilities | ▼ | 730 | 1,232 |
| **Total liabilities** | ▼ | **2,860** | **3,310** |
| **Net assets** | ▲ | **90,704** | **86,399** |
| **Equity** | | | |
| Issued and paid up capital | - | 38,929 | 38,929 |
| Retained earnings | ▲ | 44,062 | 39,664 |
| Non-controlling interest | ▼ | 7,713 | 7,806 |
| **Total equity** | ▲ | **90,704** | **86,399** |

The rise of current assets is the net impact of increasing cash & cash equivalent due to the USD currency appreciation and the decrease in inventory due to the property sale in the subsidiary. The group has a cash & bank balance equivalent to MMK 12.95 billion out of MMK 40.58 billion in current assets.

The rise in non-current assets is an increment of the investment amount in associate, due to accumulating in Retained Earnings of MJTD which is added by MMK 2.54 billion.

The decline in total liabilities from MMK 3.31 billion to MMK 2.86 billion is mainly due to the reclassification to revenue from advance received for the property sale in TPD.

Group's retained earnings increased by MMK 4.4 billion (from MMK 39.66 billion to MMK 44.06 billion) on 31st March mainly due to the net impact from this year's profit and the dividend distribution for the last year.

**Future Outlook**

Together with the Thilawa SEZ Management Committee, we are actively carrying out investment promotion into our Thizawa SEZ. Due to the result or promotion and incentives of being in the Thilawa SEZ, there has been significant increase in interest. However, the global economic slow down and high inflation, we do not expect large scale FDI will be apparent in the near future.

More and more of MTSH group companies are concentrating optimize the recurring revenue business. We have an abundance of locators in our industrial park that we can sell various services. Once we have tapped into these customers, we will have more significant recurring revenue. Our pilot project for solar renewable energy is underway and started generating energy and powering our Thilawa SEZ administrative building as well as our water pumping and purification plant. After our continuous monitoring, we will be able to plan and execute a larger skill solar power plant on a megawatt scale.

MTSH is also on a continuous look out for more real estate project across the country, especially in the industrial and residential combine projects as well as mass housing projects. We believe that, this kind of real estate is where MTSH knowledge and expertise are our core competency and it is what an emerging country like Myanmar need.

Moreover, the Management & Business Development Committee is enhancing the existing investment program of the GyoGone Housing Project and futures trading business with the help of the Audit and Risk Committee discussing with probable risk factors. Hope these discussions will outcome for the future development benefit of the company.